# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု

## မကွေးတိုင်းဒေသကြီး၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုအကျဉ်းချုပ်

Empowered lives.
Resilient nations.

### နောက်ခံအကြောင်းအရာ


ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှုကို မကွေးတိုင်းဒေသကြီးတွင် ၂၀၁၄ ခုနှစ်၌ပြုလုပ်ခဲ့သည်။ UNDP သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်သည့် ဒေသန္တရအုပ်ချုပ်ရေးလေ့လာမှု၏ အစိတ်အပိုင်းအဖြစ် ဤလေ့လာမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ပြည်ထဲရေးဝန်ကြီးဌာန)နှင့် အတူတကွဆောင်ရွက်ခဲ့သည်။ နည်းစနစ် “Fast Fact: မြန်မာနိုင်ငံဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု” တွင်ကြည့်ပါ။

မကွေးတိုင်းဒေသကြီးလေ့လာမှုသည် ပခုက္ကူ၊ ဂန့်ဂေါနှင့် မင်းတုန်းမြို့နယ်များရှိပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးခြင်းတို့နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကို လွှမ်းခြုံမိပါသည်။

ပြည်သူ ၃၀၀၊ ဝန်ဆောင်မှုပေးသူနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူ ၁၀၀ ခန့်တို့က ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် ပြည်သူများပူးပေါင်းပါဝင်မှု၊ အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့် မူလတန်းပညာရေး၊ အခြေခံကျန်းမာရေး ဆောင်ရွက်ပေးမှုနှင့်သောက်သုံးရေ) ရရှိမှုနှင့် သတင်းအချက်အလက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်ပတ်သက်၍ ၎င်းတို့၏အတွေ့အကြုံများနှင့် အမြင်များကိုမျှဝေပေးခဲ့ကြသည်။ ဤတင်ပြချက်စာစောင်တွင် မကွေးတိုင်းဒေသကြီးရှိ အဓိကတွေ့ရှိချက်များကိုဖော်ပြထားပါသည်။

**လူဦးရေ**
၃,၉၁၂,၇၁၁

**လူဦးရေသိပ်သည်းမှု**
၈၇ ဦး / စတုရန်းကီလိုမီတာ




**မြေအကျယ်အဝန်း**
၄၄,၈၁၉ စတုရန်းကီလိုမီတာ

**ဆင်းရဲနွမ်းပါးမှု**
၂၇%
နိုင်ငံအဆင့်ပျမ်းမျှဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင်ရှိ

**မြို့နယ်များ**
၂၅

ရင်းမြစ်။ MIMU


# လူမှုစီးပွားရေးအကြောင်းအရာများ

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏အချက်အချာတိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံလူဦးရေ၏ ၇% ခန့် နေထိုင်ကြသည်။ ယင်း၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း ရေနံထုတ်လုပ်ရေးနှင့် အခြားသော သယံဇာတထုတ်ယူမှုလုပ်ငန်းများလည်းရှိသည်။ မြန်မာနိုင်ငံ၏ ရေနံလုပ်ငန်းတွင် ထိုဒေသကို 'မြန်မာ့ရေနံဆိပ်ကမ်း' ဟူ၍ ဂုဏ်ပြုခေါ်ဆိုကြသည်။

မကွေးတိုင်းဒေသကြီးတွင် မကြာသေးမီကာလများအတွင်း လက်နက်ကိုင်ပဋိပက္ခ၊ တိုင်းရင်းသားလူမျိုးစုတင်းမာမှု သို့မဟုတ် အဓိက သဘာဝဘေးအန္တရာယ်များ သက်ရောက်မှုမရှိခဲ့ပါ။ ခြုံ၍ဆိုပါက ဒေသတည်ငြိမ်မှုကြောင့် အစိုးရ၏ ဌာနအဖွဲ့အစည်းများ ကောင်းမွန်စွာလည်ပတ်နိုင်စေခဲ့သည်။



ကူညီထောက်ပံ့သော အဖွဲ့အစည်းများ။





ရင်းမြစ်။ IHLCA, 2011

ဆင်းရဲနွမ်းပါးမှု၊ ပညာရေးနှင့် ကာကွယ်ဆေးထိုးနှံခြင်း၊ သန့်ရှင်းသော သောက်သုံးရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ ကဲ့သို့သော မကွေးတိုင်းဒေသကြီး၏ လူမှုရေးညွှန်းကိန်းများသည် အမျိုးသားပျမ်းမျှနှုန်းများနှင့် မတိမ်းမယိမ်း ရှိသော်လည်း တိုင်းဒေသကြီးအတွင်း သိသာသောကွဲပြားမှုများရှိနေသည်။

## ရပ်ရွာအဆင့်တွင် တွေ့ရှိရသော တိုးတက်မှုများ

### မကွေးတိုင်းဒေသကြီး၏တိုးတက်မှုများ

❖ လမ်းများတိုးတက်ကောင်းမွန်မှုကို အတော်များများ (၅၆%)ကဖော်ပြကြပြီး၊ ပညာရေးတိုးတက်မှုများ (၄၃%)၊ လျှပ်စစ်မီးပိုမိုရရှိမှု (၁၉%)နှင့် သန့်ရှင်းသောသောက်သုံးရေရရှိမှု (၁၈%) တို့ကိုလည်းဖော်ပြကြသည်။




❖ ပြည်သူ ၇% က သာ လွန်ခဲ့သော ၃ နှစ်အတွင်း အစိုးရက အဓိက တိုးတက်မှုတစ်စုံတစ်ရာမျှဆောင်ရွက်ခဲ့ခြင်း မရှိဟုယူဆကြသည်။

# ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့်ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း




## ဖွံ့ဖြိုးရေးရန်ပုံငွေများ

| | ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေ (PRF) ကျပ်သန်းပေါင်း | ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ (CDF) ကျပ်သန်းပေါင်း | ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ (RDF) ကျပ်သန်းပေါင်း |
|---|---|---|---|
| ပခုက္ကူ | ၆၉ | ၁၀၀ | ၃၃၀ |
| ဂန့်ဂေါ | ၅၁ | ၁၀၀ | ၁၃၃ |
| မင်းတုန်း | ၅၈ | ၁၀၀ | ၅၃၆ |

၂၀၁၃/ ၂၀၁၄ ခုနှစ်အတွက် PRF၊ CDF နှင့် RDF ပေါင်းစပ်မှု

PRF၊ CDF နှင့် RDF တို့၏ တစ်ဦးကျရရှိမှုမှာ မကွေးတိုင်းဒေသကြီးအတွင်း USD 3 ခန့်ဖြစ်ပြီး မင်းတုန်းတွင် USD 11.5 ဖြစ်ကာ ပခုက္ကူတွင် USD 1.7 ဖြစ်သောကြောင့် ကွာခြားမှုရှိကြသည်။




## မြို့နယ်အုပ်ချုပ်ရေးမှူး (TA)

မြို့နယ် ၃ ခုစလုံးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများတွင် ဦးဆောင်ဦးရွက် ပြုလျက်ရှိကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် အစိုးရဝန်ထမ်းများဖြင့်သာ ဖွဲ့စည်းထားသည့် စီမံကိန်းရေးဆွဲရေး ကော်မတီက ပြုစုထားသော အလားအလာရှိသည့် စီမံကိန်းများ၏ ကောက်နုတ်ထားသော အမည်စာရင်းကိုအဆိုပြုခြင်းဖြင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ (TDSC)ကိုလမ်းညွှန်မှုပေးသည်။ TDSC ၏အကြံဉာဏ်ကိုလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ TDSC ၏အကြံပေးရေးကဏ္ဍကို TA ၏ မြော်မြင်ဆင်ခြင်မှုပေါ်တွင်မူတည်၍ ဆောင်ရွက်စေသည်။


## မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ (TDSC)

မကွေးတွင် TDSCs များသည်မြို့နယ်အဆင့်၌စီမံကိန်းများ ဦးစားပေးအဆင့်သတ်မှတ်မှုနှင့် တိုးတက်မှုစောင့်ကြည့်ထိန်းကျောင်းမှုများကို ဆောင်ရွက်ကြသည်။ ၎င်းတို့သည် TA နှင့် ပုံမှန်တွေ့ဆုံကာ မြို့နယ်ရှိ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သောကိစ္စများကို ဆွေးနွေးကြသည်။

TDSCs များကို အဓိကအားဖြင့် အစိုးရအရာထမ်းများနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်များသည် မြို့ပြရပ်ကွက်များမှဖြစ်ကြပြီး မြို့နယ် ၃ ခုတွင် TDSC အမျိုးသမီးအဖွဲ့ဝင် တစ်ဦးသာရှိသည်။


## မြို့နယ်စည်ပင်သာယာရေးကော်မတီ(TMAC) နှင့် စည်ပင်သာယာရေးအဖွဲ့(DMA)

မြို့နယ် ၃ ခုတွင်တွေ့ဆုံမေးမြန်းခဲ့သော DMA နှင့် TMAC နှစ်ရပ်စလုံး၏ အဖွဲ့ဝင်များက ၎င်းတို့၏ မြို့နယ်များတွင် TMAC များ၏လက်ရှိဆောင်ရွက်နေမှုကို အပြုသဘောရှုမြင်ကြသည်။ နှစ်စဉ်စီမံကိန်းတွင်ပါဝင်ရမည့်စီမံချက်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များကို TMAC နှင့် DMA တို့ အတူတကွပူးပေါင်းချမှတ်ကြသည်။ TMAC အဖွဲ့ဝင်များသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာလူထုတို့ကို တိုက်ရိုက်ဆက်သွယ်ပြီး ၎င်းတို့၏လိုအပ်ချက်များနှင့် တိုင်ကြားချက်များကို နားထောင်ကြကာ အခွန်အကောက်များမည်သည့်အတွက် ပေးဆောင်ကြရသည်ကို ပြည်သူလူထုအား ရှင်းပြကြသည်။



မြို့နယ်နှင့်ဒေသန္တရ ရပ်ရွာလူထုတို့အကြား ဒေါင်လိုက်ပေါင်းစပ် ညှိနှိုင်းရေးအတွက် TA - VT/WA - TMAC - TDSC တို့၏ ပူးတွဲညှိနှိုင်း အစည်းအဝေးများက အရေးကြီးသည်။ ထိုအစည်းအဝေးများသို့ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်လေ့ရှိကြပြီး အရေးကြီးသောကိစ္စများ တိုင်းဒေသကြီးလွှတ်တော်သို့ ၎င်းတို့က တင်ပြနိုင်ကြသည်။






# အခြေခံဝန်ဆောင်မှုများပေးခြင်း

သင်၏ကျေးရွာအုပ်စု/ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း မူလတန်းပညာရေး တိုးတက်ခဲ့ပါသလား။

တိုးတက်သည်ဟု ယူဆမှုအတွက် အဓိက အကြောင်းများ၊ ကျောင်းအဆောက်အအုံသစ် ဆောက်လုပ်ခြင်း၊ မွမ်းမံခြင်း (၆၅%)




## မူလတန်းပညာရေး

လွန်ခဲ့သော ၃ နှစ်အတွင်း မူလတန်းပညာရေးတိုးတက်လာသည်ဟု ၆၉% က ရှုမြင်ကြပြီး ဖြေကြားသော ကျောင်းနေအရွယ်ကလေးမိဘများ၏ ၈၂% က ပညာရေးအရည်အသွေးကို ကျေနပ်ကြသည်။

ဖြည့်စွက်ဘတ်ဂျက်ရရှိမှု၏ အကျိုးကျေးဇူးအဖြစ် မကွေးတွင် မူလတန်းကျောင်းဝင်နှုန်း မြင့်တက်လာပြီး အတန်းများ၏ ပျမ်းမျှအရွယ်အစားမှာ ကျဆင်းသွားသည်။ ၂၀၁၄/၂၀၁၅ ပညာသင်နှစ်အတွက်အချိုးမှာ ဆရာတစ်ဦးလျှင် ကျောင်းသား ၁၈ ဦးဖြစ်သည်။

စီမံကိန်းရေးဆွဲသည့်စနစ်တွင် အထောက်အကူပြုရန် သတင်းအချက်အလက်များကို အောက်ခြေအဆင့်တွင် ပိုမိုစုစည်းရရှိသော်လည်း အမှန်တကယ်စီမံကိန်းရေးဆွဲမှုကို အခြားသောအထက်အဆင့်များတွင်သာ ဆောင်ရွက်လျက်ရှိသည်။

## အခြေခံကျန်းမာရေးစောင့်ရှောက်မှု


ပြည်သူများ၏ ၆၃% က အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးတက်သည်ဟုရှုမြင်ကြပြီး ၆၀% က ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို ကျေနပ်ကြသည်။ ဖြေကြားသူများ၏ ၉၈% က ကျန်းမာရေးဝန်ဆောင်မှုများတွင် တန်းတူညီမျှ ကုသခံကြရသည်ဟု ထင်မြင်ကြသည်။

ဖြေကြားသူများ၏ ၅၅% က မရှိမဖြစ်လိုအပ်ဆုံးဆေးဝါးများကို အခမဲ့ဖြန့်ဝေသင့်သော်လည်း အစိုးရကျန်းမာရေးဌာနတွင် ဆေးဝါးများအတွက်အခကြေးငွေပေးရသည်ဟု ပြောကြားကြသည်။

မြန်မာနိုင်ငံရှိနေရာတိုင်းတွင် TMO သည် TMC အဖွဲ့ဝင်မဟုတ်ပါ။ မကွေးတွင် တွေ့ဆုံမေးမြန်းခဲ့သော TMO အများစုက ၎င်းတို့သည် TMC အဖွဲ့ဝင်များဖြစ်လျှင် အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှု တိုးတက်လာလိမ့်မည်ဟု ပြောကြားကြသည်။


သင်၏ ကျေးရွာအုပ်စု/ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ခဲ့ပါသလား။

တိုးတက်သည်ဟု ယူဆမှုအတွက် အဓိကအကြောင်းရင်းများ – တိုးတက်သော ကျန်းမာရေး အဆောက်အဦများ (၅၂%)




သင်၏ ကျေးရွာအုပ်စု/ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း သန့်ရှင်းသောသောက်သုံးရေရရှိမှု တိုးတက်ခဲ့ပါသလား။

တိုးတက်သည်ဟု ယူဆမှုအတွက် အဓိကအကြောင်းရင်းများ– ရေအရင်းအမြစ်များ အနီးအနားတွင် ပိုရှိလာခြင်း(၄၃%)





## ရေဖြန့်ဖြူးမှု


ဖြေကြားသူအများစုက လွန်ခဲ့သော ၃နှစ်အတွင်း သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးမှု တိုးတက်လာခြင်းမရှိဟု ယူဆကြသည်။

သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဖြူးရေး လိုအပ်ချက်ကို အရင်းအမြစ်များ ပို၍ပို၍ချမှတ်ပြီး အစိုးရကတုံ့ပြန်ဖြည့်ဆည်းပေးလာပုံရသည်ဟု ဒေသန္တရကော်မတီများက ပြောကြားသည်။ ဆိုလိုသည်မှာ PRF ၊ CDF နှင့် စည်ပင်သာယာခွန်များကို သောက်သုံးရေတိုးတက်ရရှိမှုအတွက်သုံးစွဲလာခြင်းပင်ဖြစ်သည်။

# သတင်းအချက်အလက်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု

ဥပဒေသစ်များနှင့် ညွှန်ကြားချက်အသစ်များဆိုင်ရာ သတင်းအရင်းအမြစ်များ



ဆယ်အိမ်မှူး၊ ရာအိမ်မှူးများသည် အဓိက သတင်းဖြန့်ဝေသူများ ဖြစ်ပုံရသည်။

### ရွေးချယ်တင်မြှောက်ထားသောရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ (VTA/WAs)

၂၀၁၂ ခုနှစ် ရပ်ကွက်သို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းပြီးနောက် ယခုအခါ VT/WAsများကို ၎င်းတို့၏ ရပ်ရွာလူထုကိုယ်စားလှယ်များဖြင့်ရွေးကောက်တင်မြှောက်ကြသည်။ ရွေးကောက်တင်မြှောက်ပြီးနောက် VT/WAsများ၏ တုံ့ပြန်မှုနှင့်ဆက်သွယ်မှုကွာခြားချက်ကို တွေ့ဆုံမေးမြန်းခဲ့သူများ၏ ၄၇% က သတိပြုမိကြပြီး ထိုကွာခြားချက်ကို မြို့ပြနေသူများ (၅၉%) က ကျေးလက်နေသူများ (၄၀%) ထက်ပို၍ သတိပြုမိကြသည်။ လူများက ကွာခြားချက်ကိုသတိပြုမိစေသော အကြောင်းရင်းများမှာ ဆေးရုံများ၊ လမ်းများနှင့် တံတားများကို ပိုမိုမြင်တွေ့လာခြင်း (၅၁%) နှင့် ချမ်းသာသူများနှင့် ဆင်းရဲသားများအကြားပိုမို၍ တန်းတူညီမျှ ပြုမူဆက်ဆံလာခြင်း (၂၆%)တို့ပင် ဖြစ်သည်။

### ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏အနေအထား

VTAs များသည် ၎င်းတို့ရပ်ရွာလူထုများ၏ တောင်းဆိုမှုနှင့် လိုအပ်မှုများအား မြို့နယ်အုပ်ချုပ်ရေးအဆင့်က အလေးထားဆောင်ရွက်လာစေရန် ဆောင်ကြဉ်းပေးရမှုနှင့် ထိုကိစ္စအားလုံးကို တစ်ချိန်တည်းဖြေရှင်းပေးရန် မြို့နယ်အုပ်ချုပ်ရေးအဆင့်၏ ကန့်သတ်ထားသော စွမ်းဆောင်နိုင်မှုတို့အကြားတွင် ပိတ်မိနေလေ့ရှိကြသည်။ ထို့အတွက်ရပ်ရွာက VTA/WA များကို အပြစ်တင်လေ့ရှိကြသည်။ VTAs/WAs ၇ ဦး ပါဝင်သော ပခုက္ကူမြို့ရှိအစည်းအဝေးတစ်ခုတွင် လုပ်ငန်းခွင်ကျေနပ်မှုနှင့် ပတ်သက်သောပျမ်းမျှအမှတ်ကို ၄.၅ပေးပြီး မည်သည့် VTA/WAs ကမျှ ရမှတ် ၆ ထက်ကျော်၍ မပေးခြင်းက ထိုအချက်ကို ပေါ်လွင်စေပါသည်။

### အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs)

CSOs များသည် ပိုမိုနေရာရလာကြပြီး နိုင်ငံသားများ၏ ကောင်းကျိုးချမ်းသာတိုးတက်စေရန် ၎င်းတို့၏ လုပ်ဆောင်ချက်အတွက် အစိုးရကပိုမိုအသိအမှတ်ပြုလာပုံရကြသည်။ သို့ရာတွင် ၎င်းတို့၏ ထိရောက်မှုသည် အုပ်ချုပ်ရေးဘက်နှင့် CSO ဘက် နှစ်ရပ်စလုံးတွင် အဓိကဆောင်ရွက်သူများ၏ ကိုယ်ရည်ကိုယ်သွေးများအပေါ်များစွာမူတည်နေသကဲ့သို့ ဒေသဆိုင်ရာ ရပ်ရွာလူထုအတွင်း CSOs များက ၎င်းတို့ကိုယ်တိုင် ရပ်တည်ဆောင်ရွက်မှုနည်းလမ်းပေါ်တွင်လည်း တည်မှီနေပေသည်။

## ရပ်ရွာလူထုဆွေးနွေးပွဲ







ရပ်ရွာလူထုဆွေးနွေးပွဲများတွင် ရပ်ရွာရှိအမျိုးမျိုးသော အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ လူငယ်များနှင့် ရပ်မိရပ်ဖများ အပါအဝင် ဒေသန္တရဝန်ဆောင်မှုပေးသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးသည့် ကိစ္စများတွင် အခက်အခဲများနှင့် အလားအလာရှိသောတိုးတက်မှုများကို ဆွေးနွေးကြသည်။

ဥပမာ – ရပ်ရွာတစ်ခုတွင် ဖွံ့ဖြိုးရေးစီမံကိန်းသတင်းများကို ရပ်ရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီမှတစ်ဆင့် ရပ်ရွာလူထုသို့ဖြန့်ဖြူးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကတိပြုခဲ့သည်။ အချိန်ကျရောက်လာလျှင် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ ရွေးချယ်တင်မြှောက်ရန် ရပ်ရွာလူထုသို့ ထိထိရောက်ရောက် အကြောင်းကြားပေးမည်ဟုရပ်ကွက်အုပ်ချုပ်ရေးမှူးက ကတိပြုခဲ့သည်။ အခြားရပ်ရွာတစ်ခုတွင် မြေယာမှတ်ပုံတင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သောတိကျရှင်းလင်းသည့်ညွှန်ကြားချက်များရရှိရန်ရပ်ကွက်အုပ်ချုပ်ရေးမှူးက အကူအညီပေးမည်ဟု ပြောကြားသည်။

## သုံးသပ်ချက်များ



မကွေးတိုင်းဒေသကြီးရှိ TDSCs များသည် စီးပွားရေးနယ်ပယ်မှ ကိုယ်စားလှယ်များဖြင့် အခိကဖွဲ့စည်းထားခြင်းဖြစ်ရာ ၎င်းတို့၏ဖွဲ့စည်းမှုကို သမ္မတရုံး၏အမိန့်ကြော်ငြာစာ အမှတ် ၂၇/၂၀၁၃ နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်လိုအပ်သည်။ TDSC အဖွဲ့ဝင်များ၏ ကဏ္ဍများနှင့် လုပ်ငန်းတာဝန်များအား TMAC ၏ ဥပဒေဆိုင်ရာမူဘောင်မှ သဲလွန်စကိုရယူကာ အသေးစိတ်လမ်းညွှန်ချက်များဖြင့် ထပ်မံရှင်းလင်းတိကျအောင်ဆောင်ရွက်သင့်သည်။

ဖွံ့ဖြိုးရေးရန်ပုံငွေအမျိုးမျိုး၏ ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုအတွက် မြို့နယ်အဆင့်ရှိ ရှင်းလင်းတိကျသော စီမံကိန်းရေးဆွဲရေးမူဘောင်အတွင်း ရန်ပုံငွေများထည့်သွင်းစဉ်းစားမှုသည် ထိရောက်မှုမြင့်မား၍ စွမ်းဆောင်ရည်ပြည့်ဝမှုရှိရမည်။

အစိုးရကဏ္ဍများအတွင်း သက်ဆိုင်ရာဌာနများ၌ အောက်အဆင့်များသို့လုပ်ပိုင်ခွင့်ဖြန့်ဝေပေးခြင်းသည် ဝန်ထမ်းခန့်ထားရေးနှင့် အခြေခံအရင်းအမြစ်များ ရရှိနိုင်မှုကဲ့သို့သော ချက်ချင်းဆောင်ရွက်ရမည့် ပြဿနာများကိုဖြေရှင်းနိုင်စေသည်။

အုပ်ချုပ်မှုဆိုင်ရာတိုင်ကြားမှု ကိုင်တွယ်ခြင်းနှင့် အငြင်းပွားမှုဖြေရှင်းရေးတို့နှင့်ပတ်သက်သော စည်းမျဉ်းများ၏ သတ်မှတ်ချက်များ ကျကျနန၊ ရှင်းရှင်းလင်းလင်းရှိမှုသည် ကိုင်တွယ်ဆောင်ရွက်ရာတွင် ပိုမိုပီပြင်စေ၍ ထင်ရာစိုင်းလုပ်ဆောင်မှုနှင့် ဖြစ်လာနိုင်ခြေရှိသည့် အလွဲစီမံခန့်ခွဲမှုများကို ကန့်သတ်နိုင်မည်ဖြစ်သည်။


အသေးစိတ်သိရှိလိုပါက
“မကွေးတိုင်းဒေသကြီး၊
ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်
လေ့လာမှုအစီရင်ခံစာ” ကို www.
mm.undp.org တွင် ကြည့်ပါ။
UNDP မြန်မာ
အမှတ် ၆၊ နတ်မောက်လမ်း
တာမွေမြို့နယ်
ရန်ကုန် ၁၁၂၁၁၊ မြန်မာ
Email: communications.mm@
undp.org


၂၀၁၅–ခုနှစ်၊ ဇန်နဝါရီလ